ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## အကြမ်းဖက်စစ်ကောင်စီ၏ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊မလည်တိုက်နယ်၊ ပဇီကြီးကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများအပါအဝင် တစ်နိုင်ငံလုံးမှ အပစ်မဲ့ ပြည်သူလူထုများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်နေမှုများနှင့် ပတ်သက်၍ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ဧပြီလ (၁၁) ရက်**

၁။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် တိုင်းပြည်အာဏာကို မတရားသိမ်းယူပြီး နောက် တစ်နိုင်ငံလုံးရှိအပစ်မဲ့ ပြည်သူလူထုများအား ပစ်မှတ်ထား အစုလိုက်အပြုံလိုက် လေကြောင်းဖြင့် တိုက်ခိုက်သတ်ဖြတ်နေမှုများအား ၂၀၂၃ ခုနှစ်အတွင်း အရှိန်မြင့် ကျူးလွန်လာခဲ့သည်ကို တွေ့ရှိရပေသည်။

၂။၂၀၂၃ခုနှစ်၊ ဧပြီလ (၁၁) ရက်၊ နံနက် (၈း၀၀) နာရီ ပတ်ဝန်းကျင် အချိန်ခန့်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့ နယ်၊မလည်တိုက်နယ်ရှိ ပဇီကြီးကျေးရွာရှိ အပစ်မဲ့ ကျေးရွာသူ/ ကျေးရွာသားများအား အကြမ်းဖက် စစ်ကောင်စီတပ်၏ လေကြောင်းမှ ဂျက်ဖိုက်တာဖြင့် တစ်ကြိမ်၊ MI 35 ရဟတ်ယာဉ်ဖြင့် (၄) ကြိမ်တိုင်တိုင် ရက်ရက်စက်စက် ဗုံးကြဲ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေး၊ ကျောင်းသူ/ ကျောင်းသား နှင့် လူကြီး စုစုပေါင်း လူဦးရေ (၅၃) ဦး သေဆုံးပြီး (၃၀) ဦးခန့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဆေးကုသမှု ခံယူနေကြောင်း ကနဦး သိရှိရပါသည်။

၃။ အလားတူဖြစ်ရပ်မျိုး ၂၀၂၃ခုနှစ်၊ဧပြီလ (၁၀) ရက်နေ့၌လည်း ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဝေဘူလ မြို့ပေါ်သို့ လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ခရစ်ယာန်သင်းအုပ်ဆရာတော်ကြီး တစ်ပါး၊ ဖလမ်းမြို့နယ် ကြားကာလပညာရေးဘုတ်အဖွဲ့ လက်အောက်ရှိ ပြည်သူ့ကျောင်းမှ ကျောင်းအုပ် ဆရာကြီး အပါအဝင် အပစ်မဲ့ ပြည်သူလူထု (၉) ဦး သေဆုံးခဲ့ပြီး (၄) ဦးဒဏ်ရာရရှိခဲ့သည်။

၄။ ကရင်နီပြည်နယ်အတွင်း အရေးပေါ်ကယ်ဆယ်ရေးဆေးအဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေစဉ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက်၊ သောကြာနေ့တွင် အကြမ်းဖက် စစ်ကောင်စီတပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အရေးပေါ်ကယ်ဆယ်ရေးဆေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက် ပေးနေသူ (၂) ဦး မြေပြင်တွင် ပွဲချင်းပြီး သေဆုံးခဲ့ရပါသည်။

၅။ ထိုကဲ့သို့ ရက်သတ္တပတ်အတွင်း အကြမ်းဖက် စစ်ကောင်စီတပ်မှ အပစ်မဲ့ပြည်သူလူထု များအား ပစ်မှတ်ထား တိုက်ခိုက်နေခြင်းအပေါ် မိမိတို့ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီမှ လွန်စွာ ဝမ်းနည်း ကြေကွဲရပြီး ပြည်သူလူထုများနှင့်အတူ ထပ်တူခံစားရပါကြောင်းနှင့် တော်လှန်ရေးအင်အား စုများအနေဖြင့် အပြစ်ကျူးလွန်သူများအား အပြစ်ကင်းလွင့်ခွင့် မရရှိစေရေးအတွက် အရေးယူ ဆောင်ရွက်နိုင်ရေးကို အမြန်ဆုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် စစ်အာဏာရှင် အမြန်ဆုံးချုပ်ငြိမ်းရေးအတွက် အလုံးစုံညီညွတ်ရေးကိုတည်ဆောက်ပြီး ဟန်ချက်ညီညီဖြင့် အစွမ်းကုန် တိုက်ပွဲဝင်သွားကြရန် အထူး လိုအပ်နေပါကြောင်း တိုက်တွန်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ**

**Karenni State Consultative Council (KSCC)**